အကြင်သူ၏ နှာခေါင်းသည် မြေမှုန့်တို့ဖြင့်လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် ၎င်း၏

ရှေ့မှောက်တွင် ငါကိုယ်တော့်အား ဖော်ပြခံရသော်လည်းငါကိုယ်‌တော့်အပေါ် ဆွလာသ် မပို့သခဲ့ ပေ။ အကြင်သူ၏နှာခေါင်းသည် မြေမှုန့်တို့ဖြင့် လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် လမြတ်ရမဿွာန်နှင့်

ကြုံကြိုက်ပါလျက် ခွင့်လွှတ်ခြင်းမခံရခင်အလျှင်

ထိုလမြတ်သည် ကုန်လွန်သွားခဲ့သည်။ အကြင်သူ၏

နှာခေါင်းသည် မြေမှုန့်တို့ဖြင့် လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် မိမိ၏ မိဘနှစ်ပါးကို

အိုမင်းမစွမ်း အရွယ်တွင် တွေ့ကြုံရပါလျက်

ထိုမိဘနှစ်ပါးသည် ၎င်းအား ဂျန္နသ်သုခဘုံသို့

မဝင်ရောက်စေနိုင်ခဲ့ပေ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ " အကြင်သူ၏ နှာခေါင်းသည် မြေမှုန့်တို့ဖြင့် လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် ၎င်း၏ ရှေ့မှောက်တွင် ငါကိုယ်တော့်အား ဖော်ပြခံရသော်လည်းငါကိုယ်‌တော့်အပေါ် ဆွလာသ် မပို့သခဲ့ ပေ။ အကြင်သူ၏ နှာခေါင်းသည်
မြေမှုန့်တို့ဖြင့် လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် လမြတ်ရမဿွာန်နှင့်
ကြုံကြိုက်ပါလျက် ခွင့်လွှတ်ခြင်းမခံရခင်အလျှင် ထိုလမြတ်သည်
ကုန်လွန်သွားခဲ့သည်။ အကြင်သူ၏ နှာခေါင်းသည် မြေမှုန့်တို့ဖြင့် လူးထိနေပါစေ(ပျက်စီးပါစေ)၊ ထိုသူသည် မိမိ၏ မိဘနှစ်ပါးကို အိုမင်းမစွမ်း အရွယ်တွင်
တွေ့ကြုံရပါလျက် ထိုမိဘနှစ်ပါးသည် ၎င်းအား ဂျန္နသ်သုခဘုံသို့
မဝင်ရောက်စေနိုင်ခဲ့ပေ။ [صحيح] [رواه الترمذي وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် သုံးမျိုးသောသူတို့အား အရှက်တကွဲ၊အကျိုးနည်းခြင်း၊ ဆုံးရှုံးခြင်းတို့ဖြင့် ၎င်းတို့၏ နှာခေါင်းများကို မြေကြီးနှင့်လူးထိနေစေရန် ကျိန်ဆဲတော်မူခဲ့သည်။ ပထမအမျိုးအစား- မိမိ၏ရှေ့မှောက်တွင်ကိုယ်တော့်အား ဖော်ပြခံရသော်လည်း ကိုယ်‌တော့်အပေါ် ဆွလာသ် မပို့သသူ (ဥပမာ - 'ဆွလ္လလ္လာဟုအလိုင်ဟိဝဆလ္လမ်' စသဖြင့် မရွတ်ဆိုသူ) ဖြစ်သည်။ ဒုတိယအမျိုးအစား- လမြတ်ရမဿွာန်ကို ကြုံကြိုက်ပါလျှက်နှင့် ကောင်းမှုကုသိုလ်ပြုလုပ်ရာတွင်လစ်ဟင်းမှုကြောင့် လမြတ်ရမဿွာန်ကုန်ဆုံးသွားသော်လည်း

□□□